# (၁၉) ကြိမ်မြောက်တရုတ်ကွန်မြူနစ်ပါတီပြည်လုံးကျွတ် အစည်းအဝေးအစီရင်ခံစာ အတွေးအခေါ်သစ်၊ သီအိုရီသစ်၊ အကြံသစ်၊ လုပ်ထုံးလုပ်နည်းသစ်



ဘက်ပေါင်းစုံမှ ချမ်းသာသည့်လူနေမှုထူထောင်ရေးအောင်မြင်သည့်ကာလအပိုင်းမှာ တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်သည် ခေတ်သစ်ကာလ၏ အရေးပါအချိန်သို့ ကျရောက်လာပြီဖြစ်သည်။ (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီပြည်လုံးကျွတ်ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေးကို အောက်တိုဘာလ (၁၈)ရက်နေ့တွင်ပေကျင်းမှာ ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်လိုက်ပါသည်။ ရှီကျင့်ဖျင်တင်ပြသည့် (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီပြည်လုံးကျွတ် ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေးအစီရင်ခံစာသည် ကြီးကျယ်ခမ်းနားသည်။ အကြောင်းအရာစုံလင်သည်။ စာလုံးရေ(၃)သောင်းရှိသည့်အစီရင်ခံစာတွင် သမိုင်းကြောင်းတစ်ခုလုံးကို သုံးသပ်ပြီး အနာဂတ်ကိုမျှော်ကြည့်သည်။ တရုတ်ကွန်မြူနစ်ပါတီ (၅)နှစ်တာကာလတွင် နိုင်ငံတော်ကိုအုပ်ချုပ်သည့်အတွေ့အကြုံနှင့် သင်ခန်းစာများကို စုစည်းတင်ပြထားသည်။ ယခုမှ ၂၀၂၀ခုနှစ်နှင့် ယခုရာစုအလယ်ပိုင်းအချိန်အထိ စီမံကိန်းကားချပ်ကို ရေးဆွဲထားသည်။ အစီရင်ခံစာအတွင်းမှာပါရှိသည့် အတွေးအခေါ်သစ်၊ သီအိုရီသစ်၊ အကြံသစ်၊ လုပ်ထုံးထုပ်နည်းသစ်များကို လူအများက ကျယ်ပြန့်စွာ အာရုံစိုက်ကြသည်။ ကြီးမားသည့်တုံ့ပြန်မှုများလည်း ရရှိနေပါတော့သည်။

## သမိုင်းဦးတည်ချက်နှင့် တည်နေရာသစ် – တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ် ခေတ်သစ်ကာလသို့ ဝင်ရောက်

အစီရင်ခံစာအတွင်း တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု သမိုင်းဦးတည်ချက်နှင့်တည်နေရာသစ်--တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်သည် ခေတ်သစ်ကာလသို့ ဝင်ရောက်ပြီဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဤသည်မှာ ကြီးမားသည့်သတ်မှတ်ဆုံးဖြတ်ချက်တစ်ရပ်ပင်ဖြစ်သည်။

အဆိုပါခေတ်သစ်ကာလသည် ရှေ့မှီနောက်ဆက်ဖြစ်ပြီး ဆက်လက်တိုးတက်နေခြင်းဖြစ်သည်။ ခေတ်သစ်သမိုင်းကာလမှာ တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်သည် ကြီးမားသည့်အောင်မြင်မှုကိုရရှိမည့် ခေတ်ကြီးဖြစ်သည်။ အစီရင်ခံစာသည် (၁၈)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီပြည်လုံးကျွတ်ပြည်သူ့ကိုယ်စားလှယ် အစည်းအဝေးကတည်းက လက်တွေ့လုပ်ဆောင်ချက်အသစ်နှင့် အောင်မြင်မှုရလဒ်အသစ်အပေါ် တင်ပြသွားပြီး ယခုရာစုအလယ်အထိ ကြိုးပမ်းဆောင်ရွက်ရမည့် ရည်မှန်းချက်ပန်းတိုင်အသစ်ကို စီမံချက်ရေးဆွဲချပြသွားပါသည်။

## လူမှုအသိုင်းအဝိုင်းပင်မပဋိပက္ခ၏သမိုင်းဝင်အပြောင်းအလဲ – ပြည်သူလူထုနေ့စဉ်တိုးတက်လာသည့် သာယာသည့်လူနေမှုဘဝမှာ လိုအပ်ချက်မမျှတမှုနှင့်ဖွံ့ဖြိုးမှု မပြည့်စုံမှုတို့အကြားပဋိပက္ခအဖြစ်သို့ပြောင်းလဲ

လွန်ခဲ့သောအတော်ကြာမြင့်သည့်ကာလအတွင်း တရုတ်လူမှုအသိုင်းအဝိုင်း၏ ပင်မပဋိပက္ခအပေါ်သုံးသပ်ချက်မှာ ပြည်သူလူထုနေ့စဉ်တိုးမြင့်လာသည့် ရုပ်ဝတ္ထုယဉ်ကျေးမှုလိုအပ်ချက်နှင့် ခေတ်နောက်ကျနေသောလူနေမှုကုန်ထုတ်လုပ်မှုတို့အကြားရှိ ပဋိပက္ခပင်ဖြစ်နေပါသည်။ (၁၉)ကြိမ်မြောက်တရုတ်ကွန်မြူနစ်ပါတီ ပြည်လုံးကျွတ်ပြည်သူ့ကိုယ်စားလှယ် အစည်းအဝေးအစီရင်ခံစာတင်ပြလိုက်သည့်အခါ တရုတ်လူမှုအသိုင်းအဝိုင်း၏ပင်မပဋိပက္ခသည် ပြည်သူလူထုနေ့စဉ်တိုးတက်လာသည့် သာယာသောလူနေမှုဘဝမှာ လိုအပ်ချက်မမျှတမှုနှင့်ဖွံ့ဖြိုးမှုမပြည့်စုံခြင်းတို့အကြားရှိ ပဋိပက္ခအဖြစ်သို့ ပြောင်းလဲသွားပြီဖြစ်ပါသည်။

လက်ရှိအချိန် ပြည်သူလူထုတို့၏ သာယာသောလူနေမှုဘဝလိုအပ်ချက်သည် ရုပ်ဝတ္ထုယဉ်ကျေးမှု လူနေမှုဘဝအပေါ် တောင်းဆိုချက်ပိုမိုမြင့်မားလာသည့်အပြင် ဒီမိုကရေစီရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမျှတရေး၊ အမှန်တရားရရှိရေး၊ လုံခြုံရေး၊ ပတ်ဝန်းကျင်စသည့် ဘက်စုံကဏ္ဍစုံအပေါ် လိုအပ်ချက်များသည်လည်း ခြုံငုံပြီးထင်ရှားစွာ တိုးမြင့်လာနေပါသည်။ ပိုမိုသိသာထင်ရှားလာသည့်ပဋိပက္ခများမှာ-မြို့ပြကျေးရွာ၊ ဒေသ၊ ဝင်ငွေခွဲဝေမှုစသည်တို့မှာ မမျှတမှုနှင့် မပြည့်စုံမှုစသည့် ပြဿနာများဖြစ်နေပါသည်။ ဤသည်မှာလည်း ပြည်သူလူထုနေ့စဉ်တိုးတက်လာသည့်သာယာသောလူနေမှုဘဝလိုအပ်ချက်များအပေါ် ကန့်သတ်နေသည့် အဓိကအကြောင်းရင်းများ ဖြစ်နေပါတော့သည်။

## မဟာဗျူဟာမြောက်ပန်းတိုင်ဖွံ့ဖြိုးတိုးတက်ခြင်း – ခေတ်မီသောစီးပွားရေးစနစ် တည်ဆောက်ခြင်း

တိုးတက်ဖွံ့ဖြိုးခြင်းသည် ပါတီမှတိုင်းပြည်အုပ်ချုပ်မှုတာဝန်ယူခြင်း၏ ပထမတာဝန်ပင်ဖြစ်သည်။ (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ပြည်လုံးကျွတ်ပြည်သူ့ကိုယ်စားလှယ် အစည်းအဝေးအစီရင်ခံစာတင်ပြချက်အရသိရသည်မှာ တရုတ်နိုင်ငံ၏စီးပွားရေးသည် အရှိန်မြင့်တိုးပွားခြင်းအပိုင်းကာလမှ အရည်အသွေးမြင့်ဖွံ့ဖြိုးရေးအပိုင်းကာလသို့ပြောင်းလဲနေပြီဖြစ်သည်။ ပြောင်းလဲဖွံ့ဖြိုးမှုပုံစံ၊ စီးပွားရေးတည်ဆောက်ပုံအဆင့်မြင့်တင်ခြင်း၊ တွန်းအားကိုတိုးပွားနေခြင်းစသည့် ကူးပြောင်းသည့်အချိန်ကာလသို့ရောက်ရှိနေပါသည်။ ခေတ်မီသည့်စီးပွားရေးစနစ်တည်ဆောက်ခြင်းသည် အရေးတကြီးလိုအပ်ချက်နှင့် တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ဗျူဟာမြောက်ပန်းတိုင်လည်းဖြစ်နေပါသည်။

အစီရင်ခံစာအတွင်းဖော်ပြထားသည်မှာ အရည်အသွေးပထမနေရာတွင် အလေးပေးသည်၊ အကျိုးရလဒ်ကို ဦးစားပေးသည်တို့ကို ဆက်လက်တစိုက်မတ်မတ်ဆောင်ရွက်ရမည်ဖြစ်သည်။ ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲခြင်းကို ပင်မဏ္ဍိုင်အနေနှင့်ထားရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းကို အရည်အသွေးပြုပြင်ပြောင်းလဲခြင်း၊ အလုပ်တွင်ကျယ်မှုပြုပြင်ပြောင်းလဲခြင်း၊တွန်းပို့အားပြုပြင်ပြောင်းလဲခြင်းစသည်တို့ကိုဆောင်ရွက်ရင်း တရုတ်နိုင်ငံ၏စီးပွားရေးဆန်းသစ်မှုအင်အားနှင့် ယှဉ်ပြိုင်မှုအင်အားတို့ကို စဉ်ဆက်မပြတ်တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။

## သီအိုရီအသစ်ဖြင့်အောင်မြင်မှုအသစ်ကိုဖန်တီး၊ ခေတ်သစ်တရုတ်ထူးခြားချက်လက္ခဏာရှိဆိုရှယ်လစ်စနစ်အတွေးအခေါ်

(၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီပြည်လုံးကျွတ် ပြည်သူ့ကိုယ်စားလှယ် အစည်းအဝေးအစီရင်ခံစာသည် အရေးပါသောသီအိုရီအသစ်ဖန်တီးမှုဖြင့်ရရှိသည့် အောင်မြင်မှုအသစ်များကို တင်ပြသွားပါသည်။

ခေတ်သစ်မှာ တရုတ်ထူးခြားချက်လက္ခဏာရှိဆိုရှယ်လစ်စနစ်၏ အတွေးအခေါ်သည် မာ့ခ်စ်ဝါဒ၊ မော်စီတုံး အတွေးအခေါ်၊ တိန့်ရှောက်ဖိန်သီအိုရီ၊ ကိုယ်စားပြု(၃)ရပ်အတွေးအခေါ်၊ သိပ္ပံနည်းလမ်းကျသောဖွံ့ဖြိုးမှုအမြင်စသည်တို့၏ ဆက်ခံခြင်းနှင့်ဖွံ့ဖြိုးတိုးတက်ခြင်းပင်ဖြစ်သည်။ မာ့ခ်စ်ဝါဒတရုတ်ဆန်ခြင်း၏အောင်မြင်မှုအသစ်ပင်ဖြစ်သည်။

ခေတ်သစ်၏ တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်အတွေးအခေါ်သည် (၁၈)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ပြည်လုံးကျွတ် ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေးကတည်းက ရဲဘော်ရှီကျင့်ဖျင်၏ နိုင်ငံအုပ်ချုပ်မှုအတွေးအမြင်သစ် ဗျူဟာသစ်တို့၏ အမြင့်မားဆုံးခြုံငုံထားခြင်းဖြစ်သည်။ ပါတီနှင့်ပြည်သူလူထုတို့၏ လက်တွေ့အတွေ့အကြုံနှင့်စုပေါင်းဉာဏ်တို့၏ စုစည်းအောင်မြင်မှုအသီးအပွင့်လည်းဖြစ်သည်။ အစီရင်ခံစာတွင် ခေတ်သစ်တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်အတွေးအခေါ်အတွက် အတည်ပြုချက်(၈)ချက်နှင့်ဆက်လက်လုပ်ဆောင်ချက်(၁၄)ရပ်ကိုတင်ပြရာ ခေတ်သစ်မှာ တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်ကို ဆက်လက်ဖွံ့ဖြိုးစေမည့်အခြေခံနည်းလမ်းများကိုတင်ပြသွားပါသည်။ အဆိုပါအချက်အလက်နှစ်မျိုးသည် အပြန်အလှန်အမှီသဟဲပြုကာ ခေတ်သစ် တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်အတွေးအခေါ်၏မူဘောင်ကို ဖွဲ့စည်းနေပါတော့သည်။

## ကြိုးပမ်းဆောင်ရွက်ရမည့်ပန်းတိုင်အသစ် – ဘက်ပေါင်းစုံမှ ချမ်းသာသည့်လူနေမှုမှသည်ဆိုရှယ်လစ်စနစ်ခေတ်မှီပြီး တိုးတက်သည့်နိုင်ငံကြီးဆီသို့

(၁၉)ကြိမ်မြောက်တရုတ်ကွန်မြူနစ်ပါတီ ပြည်လုံးကျွတ် ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေးမှ (၂၀)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ပြည်လုံးကျွတ် ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေး အထိအပိုင်းအခြားကာလသည် နှစ်တစ်ရာစီမံကိန်းနှစ်ခုဟူသောပန်းတိုင်များရောယှက်မည့် သမိုင်းဝင်အချိန်ကာလသို့ရောက်ရှိနေပါသည်။ အစီရင်ခံစာအတွင်းဖော်ပြထားသည်မှာ ဘက်ပေါင်းစုံမှ ချမ်းသာသည့် လူမှုလောကကို ပြီးပြည့်စုံစွာထူထောင်ရန်၊ ပထမ နှစ်တစ်ရာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရန်စသည်တို့အပြင် ဆိုရှယ်လစ်စနစ်ခြင့်ခေတ်မီသောနိုင်ငံကြီးတည်ဆောက်ရန် ခရီးသစ်ကိုလည်း ချီတက်ရမည်ဖြစ်ရာ ဒုတိယနှစ်တစ်ရာစီမံကိန်းပန်းတိုင်ဆီသို့ အရောက်လှမ်းကြမည်ဖြစ်သည်။

အစီရင်ခံစာတင်ပြချက်အရ သိရသည်မှာ ပန်းတိုင်(၃)ခုဆိုသည်မှာ ၂၀၂၀ခုနှစ်ရောက်သည့်အခါ ဘက်ပေါင်းစုံမှ ချမ်းသာသည့်လူ့ဘောင်ကိုတည်ဆောက်ကာ ပထမနှစ်တစ်ရာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရန်၊ ၂၀၃၅ခုနှစ်သို့ရောက်သည့်အခါ ဆိုရှယ်လစ်စနစ်ခေတ်မီရေးကို အခြေခံကျကျ အကောင်အထည်ဖော်ဆောင်ရန်၊ ယခုရာစုအလယ်သို့ ရောက်သည့်အခါ အင်အားကြီးမားပြီး ဒီမိုကရေစီကျကျယဉ်ကျေးသမမျှတသော သာယာဝပြောသည့် ဆိုရှယ်လစ်စနစ်ဖြင့် ခေတ်မီတိုးတက်သည့် နိုင်ငံကြီးကိုတည်ဆောက်ရန် စသည်တို့ဖြစ်သည်။ ကာလအပိုင်းအခြား(၂)ခုနှင့် ခြေလှမ်း(၂)လှမ်းဖြင့် လျှောက်လှမ်းဆိုသည်မှာ ၂၀၂၀ခုနှစ်မှ ယခုရာစုနှစ်အအလယ်ပိုင်းအထိ (၁၅)နှစ်စီခြားထားသော ကြိုးပမ်းဆောင်ရွက်မှုအစီအစဉ်ပင်ဖြစ်သည်။

## ပါတီတည်ဆောက်ခြင်း၏တောင်းဆိုချက်အသစ် – ပါတီ၏နိုင်ငံရေးတည်ဆောက်ခြင်းကိုပထမနေရာမှာဦးစားပေးထားရှိ

အစီရင်ခံစာကိုဖတ်ကြည့်လျှင်တွေ့ရှိရသည်မှာ ခေတ်သစ်ဖွံ့ဖြိုးတိုးတက်သောတရုတ်ထူးခြားချက်လက္ခဏာရှိဆိုရှယ်လစ်စနစ်ကိုတည်ဆောက်မည့်နည်းလမ်း(၁၄)ချက်တွင် အစနှင့်အဆုံး ပထမအချက်နှင့် (၁၄)ချက်တို့တွင် ပါတီ၏လုပ်ငန်းအားလုံးအပေါ်ခေါင်းဆောင်မှုကို ဆက်လက်ခံယူရန်နှင့် တင်းကြပ်စွာပါတီစည်းကမ်းကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လုပ်ဆောင်ရန်စသည်တို့ကိုတွေ့နိုင်သည်။ အစီရင်ခံစာ၏နောက်ဆုံးအပိုင်းမှာ ထပ်မံအလေးပေးဖော်ပြထားသည်မှာပါတီစည်းကမ်းကိုတင်းကျပ်စွာဆောင်ရွက်ကာ ပါတီ၏အုပ်ချုပ်စီမံခန့်ခွဲမှုစွမ်းအားနှင့် ခေါင်းဆောင်မှုအဆင့်အတန်းကို အဆက်မပြတ်မြှင့်တင်ရန်ဟူ၍ ပါရှိပြီး ခေတ်သစ်ပါတီတည်ဆောက်ရေး တောင်းဆိုချက်ကို ရှင်းလင်းပြတ်သားစွာတင်ပြထားသည်ကို တွေ့မြင်သည်။

အစီရင်ခံစာအတွင်းဖော်ပြထားသည်မှာ တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်သည်ခေတ်သစ်တစ်ခုသို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ မိမိတို့ပါတီသည်ခေတ်သစ်အငွေ့အသက်နှင့် လုပ်ဆောင်ချက်အသစ်များရှိရမည်ဖြစ်ကြောင်း စသည်ဖြင့်ဖော်ပြထားသည်။ ကွင်းဆင်းစစ်ဆေးခြင်း၊အထက်လက်အောက်ပူးတွဲကြီးကျပ်နိုင်သော ကွန်ယက်ကိုဆောက်တည်ခြင်း၊ နိုင်ငံအဆင့်၊ ပြည်နယ်တိုင်း၊ မြို့၊ ခရိုင်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းစသည့်လုပ်ထုံးလုပ်နည်းတို့ကို အစီရင်ခံစာအတွင်းမှာ ရေးသားဖော်ပြလိုက်ပြီဖြစ်ရာ ပြည့်စုံသောတင်းကြပ်သော ပါတီနှင့်နိုင်ငံတော်ကြီးကြပ်ရေးစနစ်ဖွဲ့စည်းခြင်းကို ပုံဖော်လိုက်ပြီဖြစ်သည်။

## ခေတ်သစ်တောင်းဆိုချက်နှင့်အညီခေတ်သစ်လုပ်ထုံးလုပ်နည်းများ စီမံချက်ကိုအစွမ်းကုန်အကောင်အထည်ဖော်ဆောင်ရန်အာမခံချက်ထားရှိ

အစီရင်ခံစာသည် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူနေမှုစသည့် ဘက်ပေါင်းစုံအတွက် အချက်ပေါင်းရာကျော်သောလုပ်ထုံးလုပ်နည်းများကို တင်ပြထားသည်။ ဖွံ့ဖြိုးမှုအသစ်၊ ပန်းတိုင်အသစ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် အရေးပါသောတွန်းအားအကျိုးကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

လူနေမှုဘဝကောင်းမွန်စေသည့် လုပ်ဆောင်ချက်နည်းလမ်းများမှာ- "ငယ်ရွယ်သူကိုပြုစုပျိုးထောင်ခြင်း" နှင့် "အားနည်းသူကိုဖေးမကူညီခြင်း" စသည်တို့ကို ထည့်သွင်းထားသည်။ ကလေးလူငယ်များအား ပြုစုကာကွယ်ခြင်းနှင့်ချစ်ခြင်းမေတ္တာပေးခြင်းများ လုပ်ဆောင်ရမည်ဖြစ်သည်။ မသန်မစွမ်းအားနည်းသူများ ဝင်ငွေနည်းသူအုပ်စုများကိုပံ့ပိုးကူညီခြင်း လုပ်ဆောင်ပေးရမည်ဖြစ်သည်။ "ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ" ကိုတင်ပြထားပြီး "ကျေးရွာ၊ တောင်သူ၊ စိုက်ပျိုးရေး" လုပ်ငန်းမြှင့်တင်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။ အစီရင်ခံစာသည် ဘက်ပေါင်းစုံ၊ အလွှာပေါင်းစုံအတွက် အရေးပါသည့် လုပ်ဆောင်ချက်နည်းလမ်းတို့ကို တင်ပြထားသည်။ ပါတီနှင့်နိုင်ငံတော်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက်တွန်းအားဖြစ်စေနိုင်မည်ဖြစ်သည်။

အလေးပေးတင်ပြလိုသည်မှာ- အစီရင်ခံစာသည် အနာဂတ်တိုးတက်မှုလမ်းကြောင်းအပေါ် တိကျပြတ်သားသောဗျူဟာမြောက်အခင်းအကျင်းကို ချမှတ်ထားကာ တစ်ချိန်ထဲမှာ ခေတ်သစ်လိုအပ်ချက်အလိုက် လုပ်ထုံးလုပ်နည်းများစွာကို တင်ပြထားရာ စီမံကိန်းကို အပြီးပြတ်အကောင်အထည်ဖော်ဆောင်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်သည်။

ဆင်ဟွာသတင်း